သခင်ယေရှု ကယ်တင်တာကို ယုံတယ်ဆိုရင်၊ ကလေး
တယောက်လို ရိုးရိုးကလေး သခင်ယေရှုရဲ့ နာမတော်ကို
ယုံကြည်စွာ ဆုတောင်းလိုက်ရုံပါပဲ။ အချိန်မနှောင်းခင်
ဆုတောင်းလိုက်ပါလား...
"သားတော်ကိုယုံကြည်သောသူတို့သည် ထာဝရအသက်ကို
ရ၏။ သားတော်ကို ပယ်သောသူမူကား အသက်ကိုမတွေ့ရ။
ထိုသူ၏အပေါ်၌ ဘုရားသခင်၏ အမျက်တော် တည်နေသည်။"
ယော ၃း၃၆ ။ "အသက်စာစောင်၌ စာရင်းမဝင်သောသူ
ရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏။" ဗျာဒိတ်ကျမ်း ၂၀း၁၅ ။

HopeTractMinistry
of Bethel Baptist Church
P.O. BOX 1115 ● YORK, SC 29745 ● 803-684-1535
WWW.HOPETRACTS.ORG
Are You 100% Sure? (Burmese) Tract 625



သမ္မာကျမ်းစာဟာ ဘုရားသခင်ရဲ့ နှုတ်ထွက်စကားတော် ဖြစ်ပါတယ်။

ဘုရားသခင်က လူဟာ သေမျိုးလို့ ဆိုတယ်။ "လူသည် တခါတည်း သေ၍ ထိုနောက်မှ တရားစီရင်တော်မူခြင်းကိုခံရသကဲ့ သို့ - -" ဟေဗြဲဩဝါဒစာ ၉ း ၂၇။ သေရင် ဘုရားသခင်ကို ဖူးတွေ့ရမယ့် အရေးလောက် အရေးကြီး တာ တခြားမရှိတော့ပါဘူး။ သေရင် ကောင်းကင်ရောက်ဖို့ ၁၀၀ % ပြည့် အသေအချာ သိနိုင်သလား?

ဘုရားသခင်ကတော့ သိနိုင်တယ်လို့ မိန့်တော်မူတယ်။ "ဘုရားသခင်၏သားတော်ကိုယုံကြည်သော သင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ၊ ဤအရာများကို သင်တို့အား ငါရေး၍ ပေးလိုက်၏။" ၁ ယော ၅း၁၃။ ကောင်းကောင်းနေရင် ကောင်းကင် ရောက်မယ်လို့ လူတွေ ထင်တတ်ပါတယ်။

ဘုရားသခင်ကတော့ ကောင်းတဲ့လူ မရှိဘူး လို့ မိန့်တော်မူတယ်။ " ကျမ်းစာလာသည်ကား၊ဖြောင့်မတ်သောသူ မရှိ ၊ တယောက်မျှမရှိ၊ ကောင်းသောအကျင့် ကို ကျင့်သောသူမရှိ၊ တယောက်မျှမရှိ၊ အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင် ရှေ့တော်၌ အသရေပျက်ကြပြီ။" ရောမ ၃း၁၀၊ ၁၂၊၁၃။

ဘုရားသခင်က အပြစ်ကြွေးဆိုတာ ပေးဆပ်ဖို့လိုတယ်လို့ မိန့်တော်မူတယ်။ "အပြစ်တရား၏အခကား သေခြင်းပေတည်း " ရောမဩဝါဒစာ ၆း၂၃။ လူတွေ ငရဲမသွားရအောင်လို့ ဘုရားသခင်ရဲ့ သားတော် သခင်ယေရှုက လူတွေအတွက် ကိုယ်စား လာရောက် အသေခံပေးပါတယ်။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌ တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" ယော ၃း၁၆

"ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှ လောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။" ရောမဩဝါဒစာ ၅း၈။ လူတွေရဲ့ အပြစ်ကြွေးကို သခင်ယေရှုက သူ့ရဲ့ အသွေးနဲ့ ဆေးကြောပေးခဲ့ပါတယ်။"ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူး ကို ငါတို့သည်ခံရကြ၏။" ကောလောသဲ ၁း၁၄။ သခင်ယေရှုဟာ အသေခံပေးပြီး၊ ၃ ရက်မြောက်နေ့မှာ အသက်ပြန်ရှင်တော်မူခဲ့ပါတယ်။

ဘုရားသခင်က ဒါကို သိရုံမျှ မဟုတ်ဘဲ၊ စိတ်ထဲက ယုံကြည်အားကိုး ရမယ်လို့ မိန့်တော်မူတယ်။ "အဘယ်သို့နည်းဟူမူကား သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။" ရောမဩဝါဒစာ ၁၀း၉ ။

ဘုရားသခင်က "နောင်တရတော့" လို့ မိန့်တော်မူတယ်။ "သင်တို့ရှိသမျှ သည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။" လုကာခရစ်ဝင် ၁၃း၃ ။ နောင်တဆိုတာ အပြစ်တွေအတွက် စိတ်မ ကောင်းဖြစ်ပြီး၊ သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် အားကိုးလိုက် တာပါပဲ။ "ဘုရားသခင်အလိုတော်နှင့်ညီသောဝမ်းနည်း ခြင်းသည် ကယ်တင်ခြင်းနှင့်ယှဉ်သော နောင်တစိတ် - - -" ပါပဲ။ ၂ ကော ၇း၁၀ ။ "လူတိုင်း ကောင်းကင်ရောက်နိုင်ပြီ" လို့ ဘုရားသခင် မိန့်တော်မူပါတယ်။ "ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။" ယော ၁း၁၂ ။

ဘုရားသခင်က လူတိုင်းကို ကယ်ချင်ပါတယ်။ "အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည်၊ ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။" ရောမဩဝါဒစာ ၁၀း၁၃ ။